# Solution Terminologies for Kachin

# ကချင်ပြည်နယ်အတွက် ဖြေရှင်းချက်ဆိုင်ရာ အသုံးအနှုန်းများ

## Durable Solutions:


## ရေရှည်တည် တံ့သောဖြေရှင်းချက်များ

**Return:** Where displaced persons are able to return voluntarily to their **places of origin** with safety and dignity. All the services and means of subsistence necessary for sustainable return are in place, including security, access to health, education, legal, land, housing, and livelihood. Return is an option and not obligation.

ဌာနေပြန်ခြင်း - နေ့ရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများသည် ၎င်းတို့၏ဌာနေသို့ ဆန္ဒအလျောက်ဘေးကင်းလုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်သို့ပြန်ခြင်းကိုဆိုလိုသည်။ ရေရှည်တည်တံ့သောဌာနေပြန်ခြင်းဖြစ်စေရန် လိုအပ်သောဝန်ဆောင်မှုများဖြစ်သော ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဥပဒေရေးရာ၊ မြေယာ၊ အိုးအိမ် နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝန်ဆောင်မှုများအားလုံး ထားရှိပေးရမည်။ ဌာနေပြန်ခြင်းသည် မဖြစ်မနေလုပ်ဆောင်ရမည် မဟုတ်ဘဲ ရွေးချယ်မှုသာလျှင်ဖြစ်သည်။

**IDPs in CAMP** — **VILLAGE OF ORIGIN**

**စခန်းတွင်းရှိ IDP များ** — **မူရင်း နေရပ်**




**Local Integration:** A process through which IDPs are assisted voluntarily to locally integrate into villages or communities that already exist and/or where the **IDPs have taken refuge, the IDPs integrate into that community completely.** They have the same rights as other citizens in the enjoyment of human rights, have access to land and all the public services. Local integration is an option and not obligation.

ဒေသတွင်းပေါင်းစည်းဝင်ဆံ့ခြင်း - IDP များ အား နဂိုရှိနှင့်ပြီးဖြစ်သော ကျေးရွာများ (သို့) လူထုများ နှင့်/ သို့မဟုတ် **IDP များ ခိုလှုံလျက်ရှိနေသောနေရာ၊ ထိုလူထုထဲတွင် IDP များ အပြည့်အဝပေါင်းစပ်နိုင်ရန်** ၄င်းတို့၏ ဆန္ဒအလျောက် ဒေသတွင်းပေါင်းစည်းဝင်ဆံ့နိုင်ရန် ကူညီထောက်ပံ့ပေးသော လုပ်ငန်းစဉ်ဖြစ်သည်။ လူ့အခွင့်အရေးများကို အခြားသော နိုင်ငံသားများနှင့်တန်းတူ ခံစားခွင့်ရှိ၍ မြေယာ နှင့် ပြည်သူ့ဝန်ဆောင်မှုများအားလုံးကိုလည်း ရယူသုံးစွဲနိုင်ရန် အခွင့်ရှိသည်။ ဒေသတွင်းပေါင်းစည်း ဝင်ဆံ့ခြင်းသည် မဖြစ်မနေ လုပ်ဆောင် ရမည် မဟုတ်ဘဲ ရွေးချယ်မှုသာလျှင်ဖြစ်သည်။


**IDPs displaced in HOST COMMUNITY integrate PERMANENTLY OR**

အိမ်ရှင်လူထု ထဲသို့ ရွှေ့ပြောင်းနေထိုင်ရပြီး ထိုလူထုထဲသို့ အမြဲနေထိုင်ရန်ပေါင်းစည်းဝင်ဆံ့သွားသော IDP များ (သို့)



**IDPs in CAMP** **EXISTING VILLAGE FOR PERMANENT STAY**

**စခန်းတွင်းရှိ IDP များ** **အမြဲနေထိုင်ရန် နဂိုရှိနှင့်ပြီးသော ရွာ**




**Resettlement:** A process of settling IDPs with safety and dignity, on a voluntary basis, including **a new village/settlement site built or developed for the purpose of permanently housing IDPs,** where they can enjoy full spectrum of human rights and access to services. This initiative is normally locally led (government or KIO). Resettlement is an option not obligation.

ပြန်လည်နေရာချထားခြင်း - IDP များကို အမြဲတမ်းနေရာချထားရန် ရည်ရွယ်ချက်ဖြင့် ရွာအသစ် (သို့) အခြေချနေထိုင်ရန်နေရာ သို့ သူတို့၏ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိစွာ အခြေချနေထိုင်စေသော လုပ်ငန်းစဉ်ဖြစ်ပြီး ထိုနေရာသည် IDP များ လူ့အခွင့်အရေး အပြည့်အဝ ရရှိနိုင်မည့် နေရာဖြစ်သည်။ ဤစတင်ဆောင်ရွက်မှုများကို ပုံမှန်အားဖြင့် ဒေသတွင်းမှ (အစိုးရ (သို့) KIO) ဦးဆောင်လေ့ရှိသည်။ ပြန်လည်နေရာချထားခြင်းသည် မဖြစ်မနေလုပ်ဆောင်ရမည် မဟုတ်ဘဲရွေးချယ်မှုသာလျှင်ဖြစ်သည်။

IDPs in CAMP — NEW VILLAGE FOR PERMANENT STAY

စခန်းတွင်းရှိ IDP များ — အမြဲနေထိုင်ရန် ရွာအသစ်



**Temporary Solution/Out of camp initiative:**


**Relocation**: A situation where displaced persons are relocated to a safe place, voluntarily, where their safety and dignity are respected. Access to all the services and means of subsistence necessary are supported and ensured. The solution is ***not*** permanent (durable) and the population are still considered as displaced. Relocation is an option not an obligation.

**ယာယီဖြေရှင်း နည်း၊ စခန်းပြင်ပသို့ယာယီရွှေ့ပြောင်းရန် စတင်လုပ်ဆောင်ခြင်း**

ယာယီနေရာပြောင်းရွှေ့ခြင်း - IDP များကို ၄င်းတို့၏ဆန္ဒအလျောက် လုံခြုံစိတ်ချသော နေရာတစ်ခုသို့ပြောင်းရွှေ့ပေးသော အခြေအနေဖြစ်သည်။ ထိုနေရာသည် သူတို့၏ ဘေးကင်းလုံခြုံမှု နှင့် လူ့ဂုဏ်သိက္ခာကို လေးစားသောနေရာဖြစ်သည်။ အသက်ရှင်နေထိုင်ရန်အတွက် လိုအပ်သောအရာများ နှင့် ဝန်ဆောင်မှုများအားလုံးကိုရရှိစေရန်လည်း သေချာကူညီထောက်ပံ့ပေးရမည်။ ဤဖြေရှင်းချက်သည် အမြဲတမ်းအတွက်မဟုတ်ဘဲ ***(ရေရှည်မဟုတ်)*** လူထုသည် ရွှေ့ပြောင်းနေထိုင်ရဆဲဟု သတ်မှတ်သည်။ ယာယီနေရာပြောင်းရွှေ့ခြင်းသည် မဖြစ်မနေ လုပ်ဆောင်ရမည် မဟုတ်ဘဲ ရွေးချယ်မှုသာလျှင်ဖြစ်သည်။

IDPs in CAMP — NEW LOCATION FOR TEMPORARY STAY

စခန်းတွင်းရှိ IDP များ — ယာယီနေထိုင်ရန် နေရာအသစ်



**Reintegration:** Reintegration is part of every type of durable solution. In all the areas of resettlement, village of origin or host community, the IDPs need to restart their lives in dignity and peace, including their livelihoods, schooling and adapt to the (new) location.

ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း။ ။ ပြည်လည်ဝင်ဆံ့ပေါင်းစည်းခြင်းသည် ရေရှည်တည်တံ့သောဖြေရှင်းနည်း အားလုံး၏ အစိတ်အပိုင်းအဖြစ်ပါဝင်သည်။ ပြန်လည်အခြေချနေထိုင်သည့်နေရာ၊ မူရင်းနေရပ် (သို့) အိမ်ရှင်လူထုများ၏ နေရာတိုင်းတွင် IDP များသည် နေရာသစ်တွင် လိုက်လျောညီထွေဖြစ်စေရန် ကျောင်းတက်နိုင်ခြင်း၊ အသက်မွေးဝမ်းကြောင်းများဆိုင်ရာ အလုပ်အကိုင်များ ရရှိခြင်းများဖြင့် ငြိမ်းချမ်းစွာ နှင့် ဂုဏ်သိက္ခာရှိစွာ ၄င်းတို့၏ဘဝကို စတင်နိုင်ရန်လိုအပ်သည်။

Protection Sector Kachin, 30th June 2016